# ဈေးသည်များ (စိုက်ပျိုးရေးသမားများ) အတွက် အင်ဒီယားနား eFMNP အစီအစဉ်

**အဘယ်ကြောင့်လဲ။**

- သင်၏ ထွက်ကုန်များကို လူအများထံ ပိုမိုရောင်းချနိုင်ရန်
- ရောင်းအားပိုမြှင့်တင်ရန်
- Hoosiers များအတွက် လတ်ဆတ်သော အစားအစာ ရရှိနိုင်ရေးကို တိုးတက်ကောင်းမွန်စေရန်

## သတ်မှတ်ချက်နှင့်ကိုက်ညီမှု

- ရာသီအလိုက် ရောင်းချသော စိုက်ပျိုးကုန် အမျိုးအစားများ၏ တဝက်ထက်ကျော်ပြီး စိုက်ပျိုးခြင်း
- အင်ဒီယားနားတွင် သို့မဟုတ် အိမ်နီးနားချင်းပြည်နယ်၏ နယ်စပ်များတွင် နေထိုင်သူဖြစ်ခြင်း
- စမတ်ကိရိယာတခုခု (စမတ်ဖုန်း သို့မဟုတ် တက်ဘလက်) နှင့်အတူ လတ်တလော အသုံးပြုနိုင်ရန် ပံ့ပိုးမှုပေးထားသော iOS သို့မဟုတ် Android လည်ပတ်မှုစနစ် နှင့် ဆဲလ်ဖုန်းဝန်ဆောင်မှု ရှိရမည်

## စာရင်းသွင်းခြင်း

### eFMNP အစီအစဉ်တွင် လူသစ်ဖြစ်ပါက

1. အင်ဒီယားနားအတွက် IDOH Commodities Team ကုန်ပစ္စည်းအဖွဲ့ ဈေးရောင်းသူအိုင်ဒီ
   WICCommoditiesPrograms@health.in.gov
   800-522-0874
2. အွန်လိုင်းမှတဆင့် လျှောက်လွှာတင်ပါ (ကုဒ်ကိုစကန်ဖတ်ယူပါ)

3. IDOH ခွင့်ပြုချက်
4. NDG ထံသို့ ဘဏ်နှင့်အခွန်အချက်အလက်ပေးအပ်
5. NDG အကြောင်းမိတ်ဆက်
6. TotilPayGo မိုဘိုင်းအက်ပ်ကို ဒေါင်းလုဒ်ယူပါ
7. TotilPayGo မိုဘိုင်းအက်ပ်ကို အသုံးပြုရန်ပြင်ဆင်ပါ

(လုပ်ငန်းစဉ်အဆင့်ဆင့်၏ အသေးစိတ်အချက်များ အပြည့်အစုံရယူရန် ကုဒ်ကိုစကန်ဖတ်ပါ )

### eFMNP သက်တမ်းတိုးခြင်း


သက်တမ်းတိုးရန် လျှောက်လွှာကို တင်ပါ (အထက်ပါ QR ကုဒ်ကိုစကန်ဖတ်ပါ)
လတ်တလော ရာသီကာလအတွက် S/FMNP ၏လက်စွဲစာအုပ်ကို ပြန်လည်ဖတ်ရှုပါ

## စည်းမျဉ်းများ


- အင်ဒီယားနား eFMNP ဆိုင်းဘုတ်ကိုဖော်ပြပါ
- ဝယ်ယူနိုင်သော ကုန်ပစ္စည်းများနှင့် ဝယ်ယူ၍မရသော ကုန်ပစ္စည်းများကို မှတ်သားထားပါ သို့မဟုတ် နေရာခွဲထားပါ
- ဈေးနှုန်းများကိုဖော်ပြပါ
- ဈေးရောင်းမည့်သူရှိနေရမည်
- အကျိုးခံစားခွင့်များကို ငွေသားဖြင့် လဲလှယ်မပေးရ
- ခွင့်ပြုချက်မရှိသော ဈေးသည်များအတွက် ငွေလက်ခံခြင်းမပြုရ
- ငွေအမ်းခြင်း သို့မဟုတ် ပြန်လည်ထုတ်ပေးခြင်း မပြုရ

**eFMNP ဈေးသည်စရိတ်များကို ဇွန်လနှင့် အောက်တိုဘာလအကြား 2024 တွင်ပေးချေရသည်**

ဇန်နဝါရီလ 2024




ဈေးသည်အနေနှင့် eFMNP ကိုလက်ခံရန်အတွက် "TIMS" ကိုရွေးပါ။




ဈေးသည်များ အနေနှင့် "Scan QR code" ကိုရွေးပြီး ဖုန်းကင်မရာဖြင့် QR ကုဒ်ကိုကူးယူပါ။

**စမတ်ကိရိယာ မရှိသော အကျိုးခံစားခွင့်ရရှိသူများအတွက် QR ကုဒ်ကို စာရွက်ထုတ်ထားပေးသည်။ ဈေးသည်များအနေနှင့် QR ကုဒ်ကို အလားတူ ကူးယူနိုင်သည်။**




QR ကုဒ်ကိုစကန်ကူး၍မရပါက ဝယ်ယူစားသုံးသူအနေနှင့် "Code not scanning? Tap here" ကိုရွေးချယ်နိုင်ပြီး ငွေရှင်းရန်အတွက် ယင်းကုဒ်ကို ဈေးသည်ထံပေးအပ်ပါ။

အကယ်၍ရလဒ်တွင် "Invalid code" ပေါ်လာပါက ဝယ်ယူစားသုံးသူအနေနှင့် ထိုကုဒ်အမှတ်ကို အသုံးပြုပြီးဖြစ်ပါသည်၊ သို့မဟုတ် ကုဒ်၏သက်တမ်း ကုန်သွားပြီဖြစ်၍ အသစ်တခု ပြန်လည်ထုတ်ယူသင့်သည်။




## အကူညီလက်ခံရရှိသူအတွက် အကျိုးခံစားခွင့်များ

### ထုတ်ပေးသည့်အချိန်

ဇွန် 1 ရက်နေ့မှ စက်တင်ဘာလ 30 ရက်အကြား (ပြက္ခဒိန်ရက်ပေါင်း 30 သက်တမ်းရှိသည်)

### ဝယ်ယူနိုင်သည်

စိုက်ပျိုးကုန်များသာ

- လတ်ဆတ်ရမည်
- ဒေသတွင်းစိုက်ပျိုးကုန်ဖြစ်ရမည်
- ပြင်ဆင်သို့လှောင်ထားခြင်းမရှိရ

### ဝယ်ယူ၍မရ

| | |
|---|---|
| ပျားရည် | အသား/ငါး |
| ကြက်ဥများ | ယိုများ |
| အစေ့အဆန်များ | ဂျယ်လီများ |
| ပန်းများ | အချိုရည် |
| အပင်များ | သစ်သီးရည်များ |
| ဘူးသီးမျိုးများ | ရွှေဖရုံသီးအသေးများ |
| ပန်းသီးအချဉ်ရည် | ပဲတောင့်ပဲအခြောက်များ |
| ဒိန်ခဲ | ကင်ထားသောစားဖွယ်ရာများ |
| သစ်သီးခြောက် | ပြင်ဆင်သိုလှောင်ထားသောအစာ |